# ဧဝံဂေလိတရားတော်၌ လိုအပ်သော အချက်ကြီးလေးချက်

## THE FOUR ESSENTIAL IN THE GOSPEL

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်ရန် ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဒုတိယအကြိမ် မွေးဖွားခြင်းကို လိုအပ်ကြောင်းသော်၄င်း၊ ဒုတိယအကြိမ် မွေးဖွားခြင်းခံယူပြီးသည့် လူသားတို့၏အကြောင်းကိုသော်၄င်း ကြားဘူးနားဝရှိကြပြီး ဖြစ်နိုင်ပါလိမ့်မည်။ အမှန်စင်စစ် ဒုတိယအကြိမ် မွေးဖွားခြင်းခံယူလိုသောသူသည် သမ္မာကျမ်းစာ၏ သွန်သင်ချက်ကို၄င်း၊ ဒုတိယအကြိမ် မွေးဖွားခြင်းခံယူခဲ့ပြီး သူတို့၏ ခံယူပုံခံယူနည်းကို၄င်း စံနာမူနာအဖြစ် ထားရှိခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် မည်ကဲ့သို့ခံယူပြီး မည်သည့်အရာများ လိုအပ်နေသည်ဟူသော အချက်များကို နားလည်သဘောပေါက်နိုင်ပေသည်။

လူသားတို့သည် ဤအချက်လေးချက်အနက် ဤအချက်သည် အရေးကြီးသည်။ ဟိုအချက်သည် အရေးမကြီးလှပါဟု ဆင်ခြေပေးတတ်ကြသည်။ ဤသည်မှာ လူသားတို့၏အလိုတော်အရ ဖြစ်စေလိုသောစိတ်ဆန္ဒ၏ ခံယူချက်သက်သက်သာဖြစ်လေသည်။ စင်စစ်ကျမ်းစာ တော်အလိုအရဆိုပါမူ အားလုံးသော အချက်အလက်အတို့သည် အတူတူပင်ဖြစ်သည်ဟု ဖော်ပြထားသည်။

ဘုရားသခင်သည် ကယ်တင်ခြင်းလမ်းမကြီး ခင်းပေးထားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ချက်ခြင်းအလိုအလျောက်ရသည်မဟုတ်ပါ။ ဘုရားသခင်က လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့် ကယ်တင်ခြင်းဆုကျေးဇူးကို လက်ခံရယူပိုင်ဆိုင်နိုင်ရန် လိုအပ်သောအချက်အလက်များ ရှိပါသေးသည်။ ဤလိုအပ်သည့် အချက်အလက်အကြောင်းအရာများကို ခံယူလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် ကယ်တင်ခြင်းဆုကျေးဇူးကို ရယူခံစားနိုင်ပါသည်။ တနည်းအားဖြင့် ကယ်တင်ခြင်းရနိုင်ရန်အတွက် ဘုရားသခင်၏ ခင်းပေးထားသော ကယ်တင်ခြင်းလမ်းမကြီးပေါ်သို့လိုက်၍ လျှောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားကို ယုံကြည်သောသူသည် အောက်ပါအချက်ကြီးလေးချက်ကို ပြည့်ပြည့်စုံစုံ ခံယူလိုက်နာမှသာလျှင် ကယ်တင်ခြင်းဆုကျေးဇူး အစစ်အမှန်ရရှိပြီး ကောင်းကင်ရွှေပြည်တော်ကို အမွေအဖြစ် ခံစားစံစားနိုင်မည်ဖြစ်ပေသည်။

## ၁။ ယုံကြည်ခြင်း။
## (FAITH)။

ယုံကြည်ခြင်းသည် ဧဝံဂေလိတရားမဟုတ်ဘဲ ဧဝံဂေလိတရားကို ခံယူလက်ခံနိုင်ရန် လိုအပ်သောအရာပင်ဖြစ်သည်။ ရှင်ပေါလုသည် ဤကဲ့သို့ဆို၏။ ဧဝံဂေလိတရားသည် ယုံကြည်သမျှသော လူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏ (ရော ၁း၁၆)။ လူတစ်ဦးတစ်ယောက်သည် ဧဝံဂေလိတရားကို ကြားနာခဲ့သော်လည်းယုံကြည်ခြင်းမရှိခဲ့လျှင် ထိုသူအတွက် အကျိုးရှိလိမ့်မည်မဟုတ်(၂သက် ၁း၇–၁၀)။ (ဟေဗြဲ ၁၁း၆)ကို ဖတ်ရှုပါက "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်ကြောင်း"သိရ၏။ ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငှ၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုငှ ယုံကြည်ရမည်။ ခရစ်တော်သည် ဧဝံဂေလိတရားကို ယုံကြည်လက်ခံ လိုက်နာသောသူတိုင်း ကယ်တင်ခြင်းသို့ ရောက်မည့်အကြောင်းနှင့် မယုံကြည်သောသူတို့ တရားစီရင်ခြင်းခံရမည့်အကြောင်း ဟောပြောခဲ့ပါသည် (မာ ၁၆း၁၅–၁၆)။ နေရာတကာ၌ ပိုက်ဆံဖြင့်လိုရာရုပ်ဝတ္ထုပစ္စည်း ဝယ်ယူခဲ့သလို ဘုရားသခင်ထံမှ လိုရာဆုကျေးဇူးအားလုံးကိုလည်း ယုံကြည်ခြင်းဖြင့်သာ တောင်းခံရရှိနိုင်ပါသည်။ ဤယုံကြည်ခြင်းနှင့်စပ်ဆိုင်၍ ဟေဗြဲ ဩဝါဒစာတွင် ပြည့်စုံစွာ ရေးသားထားပါသည်။ (မာ ၁၁း၂၂၊ ယော ၇း၃၈) တို့လည်းဖတ်ရှုပါ။ ယုံကြည်ခြင်းသည် မမြင်ရသေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။ ကေန်မုချမှန်ကန်သည်ဟု ယုံကြည်ခြင်းပင်ဖြစ်၏။

ယုံကြည်ခြင်း၏ အနက်သဘောတွင် လိုက်နာဆောင်ရွက်သည်ဟု အဓိပ္ပါယ်တစ်မျိုးရှိ ပါသေးသည်။ လူတဦးသည် ယုံကြည်ပါသည်ဟု ဆိုမြွက်ရုံမျှဖြင့် အဓိပ္ပါယ်လိုရင်းပြည့်စုံမှုမရှိဘဲ ယုံကြည်သည့်အတိုင်း လိုက်နာဆောင်ရွက်မှသာလျှင် ပြည့်စုံသည့်သဘောအသွင်ဆောင်လာ၏။ ယုံကြည်ခြင်းသည် နာခံခြင်းဖြင့် လိုက်နာဆောင်ရွက်မှုအပေါ်တည်နေလေသည်။ အာဗြဟံသည် ဘုရားသခင်၏ အလိုတော်ကို ယုံကြည်သည်ဟုဆိုရုံမျှဖြင့် လိုက်နာဆောင်ရွက်မှုမရှိလျှင် သူ၏ ယုံကြည်ခြင်းသည် ဖြောင့်မတ်ခြင်းကဲ့သို့မှတ်ယူနိုင်မည်လော။ နောသည် ရေလွှမ်းမိုးမည့်အကြောင်း သိ၏။ ယုံလည်းယုံကြည်၏။ သို့သော် သင်္ဘောမဆောက်လုပ်ခဲ့သော် ရေလွှမ်းမိုးခြင်းဘေးမှ လွတ်ငြိမ်းနိုင်မည်လော။ ထို့အတူ ကောင်းကင်ဘုံသို့ ဝင်စားနိုင်ရန်အတွက် ရေနှင့် ဝိညာဉ်တော်အားဖြင့် ဒုတိယကြိမ်မွေးဖွားခြင်း လိုအပ်သည်ကိုသိပြီး ယုံကြည်လျှက် အပြစ်များကို ခွင့်လွှတ်စေခြင်းငှါ ယေရှုနာမတော်ဖြင့် ဗတ္တိဇံကိုမခံယူ၊ သန့်ရှင်းသောဝိညာဉ်တော်လည်း မရှိခဲ့လျှင် ဝင်စားနိုင်မည်လား။ ကယ်တင်ခြင်းရရှိရန် ယုံကြည်ခြင်းသည် အရေးကြီးအချက်ဖြစ်သော်လည်း ယုံကြည်ရုံမျှဖြင့် လိုက်နာမှုမရှိလျှင် ထိုယုံကြည်ခြင်းသည် အသေဖြစ်၏(ယာ ၂း၁၄–၁၅)။ သို့ဖြစ်သောကြောင့် ယုံကြည်ခြင်းသည် မည်သို့သောအရာကို မည်ကဲ့သို့ ယုံကြည်ရမည်၊ လိုက်နာရမည်ဟု သွန်သင်ခဲ့ကြောင်း သတိမူသင့်၏ (ရော ၁၀း၁၇)။

## ၂။ နောင်တရခြင်း။
## (REPENTANCE)။

နောင်တဟူသည် ဧဝံဂေလိတရားကို ယုံကြည်ပြီး ယေရှုခရစ်အား မိမိကယ်တင်ပိုင်ရှင်အဖြစ် ခံယူလိုသောသူတို့၏ နောင်တတရားပင်ဖြစ်လေသည်။ ထိုသူတို့သည် ယေရှုခရစ်တော်အား ကယ်တင်ရှင်နှင့် ထာဝရဘုရားသခင်အဖြစ် လက်ခံယုံကြည်သင့်ကြောင်းကို မသိရှိဘဲ သိမြင်လာသောအခါ၌ ယခင်က မိမိလက်မခံနိုင်သည့် အကြောင်းအရာတို့ကို နောင်တရကာ စိတ်သောကရောက်၍ ပူပန်လာရခြင်း ဖြစ်ရလေတော့သည်။ ပင်တေကုတ္တေနေ့တွင် ပေတရု၏ တရားဟောပြောချက်ကို ကြားနာရသောသူတို့သည် နောင်တရ၍ စိတ်နှလုံးပူပန်ခြင်း ဖြစ်ခဲ့ပါသည်။ သခင်ယေရှုကလည်း နောင်တတရားနှင့်စပ်ဆိုင်၍ ''သင်တို့သည် နောင်တမရလျှင် ပျက်စီးခြင်း သို့ရောက်မည်ဟု ဆုံးမခဲ့သည်။ ပေတရုကလည်း ''ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၏ဟူ၍၎င်း'' ''ဘုရားသခင်သည် မိုက်မဲသော အချိန်ကာလတို့ကို အမှုမထားဘူးသော်လည်း ယခုအခါမှာ ကိုယ့်အပြစ်ကိုမြင်၍ နောင်တရကြလောဟု ခပ်သိမ်းသောအရာတို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏''ဟူ၍ ရှင်ပေါလုကင်္၎င်း ဟောကြားခဲ့၏(လု ၁၃း၅၊ တ ၂း၃၈၊ ၁၇း၃၀၊ ၂ပေ ၃း၉)။

နောင်တတရားဆိုသည်မှာ ယခင်အတိတ်က ကျူးလွန်ခဲ့သော အပြစ်တစုံတရာကို နောက်ထပ်တဖန် လုံးဝမကျူးလွန်ခြင်းကို ဆိုလိုသည်။ တစုံတခုကို ကျူးလွန်သောအခါ ဝမ်းနည်းရုံသာမကဘဲ နောက်နောင် လုံးဝမကျူးလွန်ရန်နှင့် ချက်ခြင်းကျောခိုင်းစွန့်ပယ်ခြင်းပင်ဖြစ်သည်။ မိမိကျူးလွန်သောအမှုကို ဖုံးထားသောသူသည် ချမ်းသာရာမရ။ ဖော်ပြဝန်ချ၍ စွန့်ပယ်သောသူမူကား ဂရုဏာတော်ကို ခံရလိမ့်မည်။ ဘုရားမဲ့သောသူသည် မိမိနည်းလမ်းကို၎င်း စွန့်ပယ်၍ ထာဝရဘုရားထံတော်သို့ ပြန်လာပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရား–ဘုရားသခင်ထံတော်သို့ ပြန်လာပါစေ။ အပြစ်ကို လွှတ်လိမ့်မည် (သုံ ၂၈း၁၃၊ ဟေ ၅၅း၇) ပရောဖက်တို့က နောင်တတရားဟောသကဲ့သို့ ယောဟန်ကလည်း ''မိမိအပြစ်ကို နောင်တရကြပါ။ ကောင်းကင်နိုင်ငံတော်သည် နီးကပ်လာပြီ''ဟု ဟောပြောခဲ့သည်။ အပြစ်အတွက် နောင်တရခြင်းသည် ကျေးဇူးတော် ခံစားရန်ပင်ဖြစ်သည်။

နောင်တရခြင်းသည် မိမိအား အပြစ်သားတဦးဖြစ်သည်ဟု မိမိကိုယ်တိုင် သိလာခြင်း (Conviction)မှ ပေါက်ဖွားလာခြင်းပင် ဖြစ်သည်။ အပြစ်သားဖြစ်သောကြောင့် အပြစ်စီရင်ခြင်း ခံရမည်။ ၎င်းအပြစ်စီရင်ခြင်းမှ လွတ်မြောက်မှုဖြစ်မည်ဟု မိမိသြတ္တပစိတ်ထဲက အသိတရားမရှိလျှင် ဤနောင်တတရားလည်း မရှိနိုင်ပေ။ အပြစ်သား ဖြစ်ရပါတကာ ဝမ်းနည်းလိုက်တာဟု ငိုကြွေးရုံမျှဖြင့် စစ်မှန်သော နောင်တရခြင်းမျိုး ဖြစ်ပေါ်လာသည်မဟုတ်ပေ။ ဤတွင် နောင်တရခြင်းသည် ဘုရားသခင်၏ အလိုတော်အရဖြစ်သော

နောင်တရခြင်းဖြစ်မည် (၂ကော ၇း၁၀)။ စစ်မှန်သော နောင်တမရှိလျှင် အပြစ်ကို မစွန့်ပယ်နိုင်ပါ။ နောင်တတရားနှင့်စပ်ဆိုင်၍ ပျောက်သောသားအကြောင်းကို စဉ်းစားကြစို့။ မိမိကိုယ်ကိုမိမိ နောင်တရလာသည့်အခါ နေရာမှထ၍ မိမိအဘအိမ်တော်သို့ ပြန်လာခဲ့ပါသည်။ မိတ်ဆွေလည်း မိမိအပြစ်ကိုမြင်ပြီး၊ အပြစ်စီရင်ခြင်း ခံရမည့်သူဖြစ်ကြောင်း သိလာလျှင် နောင်တရ၍ ကယ်တင်ခြင်းရရန် ထာဝရဘုရားသခင် ထံတော်သို့ တန်းတန်းမတ်မတ် ပြေးလာခိုလှုံပါရန် ဖိတ်ခေါ်ပါသည်။

## (WATER BAPTISM)။

ရေနှစ်ခြင်း (ဗတ္တိဇံ) သည် ယေရှုခရစ်တော်၏ ဧဝံဂေလိတရားကို ကြားနာပြီးသကာလ ယုံကြည်လက်ခံပြီး မိမိအပြစ်များကို အမှန်တကယ် နောင်တရသောသူတိုင်းက မိမိအပြစ်များ ခွင့်လွှတ်စေခြင်းငှါ ခံယူလိုက်နာရမည့် အချက်ဖြစ်သည် (တ ၂း၃၈၊ မာ ၁၆း၁၆)။ သမ္မာကျမ်းစာက ယုံကြည်သောသူဟု ရေးမှတ်ထားသောကြောင့်၊ ယုံကြည်ခြင်းဖြင့်သာ နှစ်ခြင်းခံယူရပေမည်။ ယုံကြည်လျှင် ဗတ္တိဇံခံ၍ ဗတ္တိဇံခံလျှင် ယုံကြည်သောသူဖြစ်ရမည်။ ယေရှုနာမတော်၌ ဗတ္တိဇံခံယူခြင်းသည် မိမိနောင်တရသော အပြစ်အားလုံးကို ခွင့်လွှတ်ပါမည်ဟု စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ယုံကြည်သည့်အတိုင်း အပြစ်လွှတ်ခြင်းခံရသည်။ အဘယ်ကြောင့်ဆိုသော် ပေတရုက 'ထိုသခင် (ယေရှု) နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိဟု မြွက်ဆို၏ (တ ၄း၁၂၊ လု ၂၄း၄၇၊ မ ၁း၂၁) မိမိအပြစ်ကို ခွင့်လွှတ်ခြင်းရပြီဟု မိမိစိတ်ခံစားချက်ကို အမှီပြုခြင်းထက် နှုတ်ကပတ်တော်အရ အမှီပြု၍ အတည်ပြုမှသာ

ဗတ္တိဇံသည် အပြစ်လွှတ်ရန် ဖြစ်သည့်အလျောက် ကယ်တင်ခြင်းသို့ရောက်ရန် အရေးကြီးသည်ဟု အချို့က ယုံကြည်သော်လည်း အချို့က အယုံအကြည်မရှိကြချေ။ သမ္မာကျမ်းစာက ယုံကြည်၍ ဗတ္တိဇံခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့ (မာ ၁၆း၁၆) ဟု ဖော်ပြထား၏။ ယုံကြည်ခြင်းကို မှန်ကန်ကြောင်း အထောက်အကူပေးခြင်းနှင့် ယေရှုခရစ်တော်သည် ငါ့ကိုယုံကြည်သောသူသည် ငါ့အလိုတော်ကို ပြုလတ္တံ့ဟူသော ကိုယ်တော်၏အလိုတော်ကို နာခံယုံသာမက လိုက်နာအကောင်အထည်ဖော်ခြင်းလည်း ဖြစ်သည်။ ၎င်းအပြင် ဗတ္တိဇံခံယူခြင်းဖြင့် အကျိုးကျေးဇူးများစွာလည်း ခံစားရပေသေးသည်။ အပြစ်ခွင့်လွှတ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်ရရှိရန် ဖြစ်သည် (တ ၂း၃၈)။ ခရစ်တော်သေခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ပုံသဏ္ဍာန်ဆောင်ခြင်းဖြစ်သည် (ရော ၆း၁-၅)။ ရောက်လုသော သေဘေးဒဏ်မှ ထွက်ပြေးရန်ဖြစ်သည် (မ ၃း၇)။ ခရစ်တော်၌ အရေဖျားလှီးခြင်းပင်ဖြစ်သည် (ကလော ၂း၁၁)။ ထို့ကြောင့် ရေနှစ်ခြင်းသည်

ခရစ်တော်အား ယုံကြည်လက်ခံသောသူများအတွက် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။

## ၄။ ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း။ (BAPTISM OF HOLY SPIRIT)။

သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းဆိုသည်မှာ ဧဝံဂေလိတရားကို ယုံကြည်၍ မိမိအပြစ်များ နောင်တရပြီးလျှင် အပြစ်များ ခွင့်လွှတ်စေခြင်းငှါ ရေနှစ်ခြင်း ခံယူထားသူဖြစ်စေ၊ အခြားသောဝိညာဉ်တော် လှုပ်ရှားခြင်းအားဖြင့်ဖြစ်စေ၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝ၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့် ပေးတော်မူသည့်အတိုင်း အခြားသောဘာသာစကားအားဖြင့် ပြောဆိုခြင်းဖြစ်သည် (တ ၂း၄၊ ၈း၁၇–၁၈၊ ၁၀း၄၄–၄၆၊ ၁၉း၆)။

ကောင်းကင်ဗွေပြည်တော်သို့ ဝင်စားနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် မရှိမဖြစ်သောအရာဖြစ်ကြောင်း လူတိုင်း လက်ခံနိုင်လိမ့်မည် (ယော ၃း၅–၈၊ တိ ၃း၅)။ တမန်တော်ရှင်ပေါလုသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်မှု ပုံဆောင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းဖြစ်ကြောင်း ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်(ရော ၆း၄–၆၊ ၈း၁–၂)။ လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ ဝိညာဉ်တော်သည် လူသားတို့အပေါ် မည်ကဲ့သို့ လွှမ်းမိုးခဲ့သည်ဟူသော အချက်ကို ခံယူချက်ခြင်း မတူခဲ့ကြသော်လည်း ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်ဟု အတိအလင်း ဖေါ်ပြထားပေသည်။

အချို့သောသူတို့သည် ကောင်းကင်နိုင်ငံသို့ ဝင်စားနိုင်ရန် ယုံကြည်ခြင်းတစ်ခုတည်းကိုသာ လေ့နံ့ဓါးထစ်စွဲမှတ်ကာ အရေးထားတတ်ကြပေသည်။ အမှန်စင်စစ် ကောင်းကင်နိုင်ငံသို့ ဝင်စားနိုင်ရန်အတွက် မိမိ၏ ဆင်ခြင်သုံးသပ်နိုင်လောက်သော အရေးကြီးလှသည့် အကြောင်းအရာ အချက်အလက်များကို ရှာဖွေသင့်ပေသေးသည်။ ကောင်းကင်ဘုံ အဘခမည်းတော်၏ နိုင်ငံ တော်သို့ ဝင်စားနိုင်ရန် အဖဘုရားကို ယုံကြည်ကြပါ၏။ ထိုခမည်းတော်ဘုရားသည် နံဝိညာဉ် ဖြစ်တော်မူ၏။ အမည်နာမအားဖြင့် ယေရှုဟု ခေါ်ပါသည်။

ထိုဝိညာဉ်တော်ကို ပစ္စည်းဥစ္စာကဲ့သို့ ဝယ်ယူပိုင်ဆိုင်၍မရ။ ယုံကြည်ခြင်းအားဖြင့် စိတ်နလုံးထဲ၌ ဝိညာဉ်အဖြစ် ကိန်းအောင်းမှသာလျှင် ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်း ဖြစ်ပေသည်။ ကောင်းကင်နိုင်ငံသို့ဝင်စား အမွေခံရန်ဖြစ်ပေ၏။ ယေရှုခရစ်တော်က ငါမပါလျှင် သင်တို့ ဘာမျှမလုပ်နိုင်ဟု ဆိုသည်။ ထို့ကြောင့် ဝိညာဉ်တော်မရှိသောသူသည် ဘာမျှမလုပ်နိုင်။ ကောင်းကင်ဗွေပြည်တော်သို့လည်း ဝင်စား၍မရ။ ယေရှုခရစ်တော် –

ယုံကြည်သောသူများ ရရှိရန်အတွက် ဝိညာဉ်တော် ဖြစ်ပျက်ရန်ကြောင်းကို (ယောရ၊ ၃၉)တွင် ဖော်ပြထားသည်။ ရှင်ပေါလုကလည်း ယုံကြည်သော ဖေက်မြို့ အသင်းတော်သို့အား "သန့်ရှင်းသောဝိညာဉ်တော် ခံစားပြီးပြီလား"ဟု မေးသည်။ ယုံကြည်ခြင်းရှိသော သူများကိုသာ မေးခြင်းဖြစ်သည်။

http://www.sayadi-al-nas.com